# ယုံကြည်သူ၏ ထာဝရ လုံခြုံစိတ်ချမှု

**Mose C . Onwubiko**

မိုးကောင်းကင်ကို မျှော်ကြည့်ကြလော့။ မြေကြီးကိုလည်း ငုံ့၍ကြည့်ကြလော့။ မိုးကောင်းကင်သည် မီးခိုးကဲ့သို့ ကွယ်ပျောက်၍ မြေကြီးသည်အဝတ်ကဲ့သို့ ဟောင်းနွမ်းလိမ့်မည်။ မြေကြီးသားတို့သည် ခြင်ကောင်ကဲသို့ သေကြလိမ့်မည်။ ငါ၏ ကယ်တင်ခြင်းတရားမူကား အစဉ်မြဲတည်ကြလိမ့်မည်။ ငါ၏ ဖြောင့်မတ်ခြင်းတရားလည်း ပပျောက်ခြင်းမရှိနိုင်ရာ။ (ဟေရှာယ ၅၁း၆)

ဘုရားသခင်ပြုသမျှသော (တစ်ဦးတစ်ယောက်၏ ကယ်တင်ခြင်းအပါအဝင်) အမှုသည် နိစ္စထာဝရဖြစ်သည်ကို ငါသိ၏။ ထပ်၍မပြုနိုင်ရာ။ နှုတ်၍မယူနိုင်ရာ။ လူတို့သည်ရှေ့တော်၌ ကြောက်ရွံ့မည်အကြောင်း ဘုရားသခင်ပြုတော်မူ၏။ (ဒေသနာ ၃း၁၄)

**မိတ်ဆက်**

ငါတို့သည် အပြစ်နှင့်ဆိုင်သောအရာ၌ အသေဖြစ်၍ ဖြောင့်မတ်ခြင်းအရာ၌ အသက်ရှင်စေမည့်အကြောင်း ငါတို့အပြစ် များကို ကိုယ်တော်တိုင် သစ်တိုင်မှာခံတော်မူပြီ။ (၁ ပေတရု ၂း၂၄)

သူ့အားဖြင့် ကြွယ်ဝသော အသက်တာရရှိစေရန် သင့်အတွက် လမ်းခင်းပေးခြင်းငှါ ခရစ်တော်သည် ဒုက္ခပေါင်းများစွာကို သည်းခံတော်မူသည်။ အတိတ်ကာလနှင့် ယခုမျက်မှောက်ဘဝတွင် သင်သည်မည်မျှပင် အပြစ်ရှိသောသူ ဖြစ်စေကာမူ အပြစ်များကိုခွင့်လွှတ်ပြီး အပြစ်အနာအဆာများကို ဘုရားသခင် သန့်ရှင်းစေတော်မူမည်။ မည်ကဲ့သို့နည်း။ သားတော်ယေရှုခရစ် ကို မိမိကယ်တင်ပိုင်ရှင်အဖြစ် စိတ်နှလုံးထဲ၌ အကြွင်းမဲ့လက်ခံယုံကြည်သည်နှင့်တပြိုင်နက် ဘုရားသခင်၏ မိသားစုဝင် အလိုအလျောက်ဖြစ်လာသည်။ သမ္မာကျမ်းစာတော်မြတ်က “ယေရှုသည် ခရစ်တော်တည်းဟူသော ဘုရားသခင်၏သားတော်

ဖြစ်တော်မူသည်ကို သင်တို့သည်ယုံကြည်မည်အကြောင်း၊ ထိုသို့ယုံကြည်၍ နာမတော်အားဖြင့် အသက်ကိုရမည်အကြောင်း ဤမျှလောက်ရေးထားလျက် ရှိသတည်း” (ယောဟန် ၂၀း၃၁) ဟုဆိုထားသည်။

“သခင်ယေရှုခရစ်ကို ယုံကြည်ကြလော့။ ယုံကြည်လျှင် သင်နှင့်သင်၏ အိမ်သူအိမ်သားတို့သည် ကယ်တင်ခြင်းသို့ ရောက်ကြလိမ့်မည်” (တမန်တော် ၁၆း၃၁)

ယနေ့ယေရှုခရစ်ကို ယုံကြည်လက်ခံမည်လော (သို့မဟုတ်) ငြင်းပယ်နေဦးမည်လော့ ဆုံးဖြတ်ချက်မှာ သင်၏သဘောအတိုင်းသာဖြစ်သည်။

**ယေရှုခရစ်၌ ယုံကြည်သူအတွက်**

သန့်ရှင်းသောဝိညာဉ်တော်ဘုရား၏ သွန်သင်လမ်းပြခြင်းအားဖြင့် နားလည်သဘောပေါက်ရန် ဝိညာဉ်ရေးရာတန်ဖိုး၏ အကြောင်းအရာအလုံးစုံကို ဘုရားသခင်ကိုယ်တော်တိုင် စီမံထားသည်။

“ကျမ်းစာလာသည်နှင့်အညီ ဘုရားသခင်ပြင်ဆင်တော်မူသော အရာတို့ကိုလူမျက်စိဖြင့်မမြင်၊ နားဖြင့်မကြား၊ စိတ်နှလုံးဖြင့်မကြံစည်သေး။ ထိုအရာတို့ကို ဘုရားသခင်သည် မိမိဝိညာဉ်တော်အားဖြင့် ငါတို့အားဖော်ပြတော်မူ၏။ ဝိညာဉ်တော်သည် ဘုရားသခင်၏ နက်နဲသောအရာတိုင်အောင် ခပ်သိမ်းသောအရာတို့ကို စစ်တော်မူ၏။ လူ၏ နက်နဲသောအရာကို လူ၌ရှိသော မိမိစိတ်ဝိညာဉ်မှတစ်ပါး အဘယ်သူသိသနည်း။ ထိုနည်းတူ ဘုရားသခင်၏ နက်နဲသောအရာ ကို ဘုရားသခင်၏ ဝိညာဉ်တော်မှတပါး အဘယ်သူမျှမသိ။ ငါတို့သည်လောကီဝိညာဉ်ကို မခံရ။ ဘုရားသခင်ပေးတော်မူသော အရာတို့ကို သိခြင်းအလို့ငှါ ဘုရားသခင်ထံမှ ကြွလာသောဝိညာဉ်ကို ခံရကြပြီး” (၁ ကောရိန္သု ၂း ၉-၁၂)။

သန့်ရှင်းသောဝိညာဉ်တော်၏ သွန်သင်ခြင်းမှ တားဆီးသောအရာမှာ ကျွန်ုပ်တို့၏ အပြစ်ဖြစ်သည်။ သမ္မာဟောင်းကျမ်း ရှိ ဒါဝိဒ်ရှင်ဘုရင်က

ရှင်းရှင်းလင်းလင်းရေးသားဖော်ပြထားသည်။

ငါသည် စိတ်နှလုံးထဲမှ ဒုစရိုက်ကို ငဲ့ကွက်လျှင် ဘုရားသခင်သည် နားထောင်တော်မမူ။(ဆာလံ ၆၆း၁၈)

ထို့ကြောင့် ဝန်ချတောင်းပန်ခြင်းမရှိသော အပြစ်ဒုစရိုက်ကြောင့် ယုံကြည်သူတစ်ဦး၏ ဆုတောင်းပဌာနာကို ဘုရားသခင်သည် အမှန်တကယ်နားထောင်တော်မမူလျှင် သန့်ရှင်းသောဝိညာဉ်တော်၏ သွန်သင်လမ်းပြမှုမရှိကြောင်းကို ဖြစ်ပေါ်စေသည်။

**စကားချီး**

သမ္မာတရားကို ဝယ်လော့ (မှန်ကန်သော သမ္မာတရားသွန်သင်ချက်)။ မရောင်းနှင့် (မြဲမြံစွာကိုင်ဆောင်ခြင်း) (သုတ္တံ ၂၃း၂၃)။

ဤသည်မှာ ဘုရားသခင်ထံမှလာသော အကြံပေးထားချက်ဖြစ်သည်။ ဤအကြံပေးချက်အပေါ်မူတည်ပြီး သင်ကြားပေးထားချက်တွင် အောက်ပါအချက်များကို ဖော်ပြထားပါသည်။

ခရစ်တော်၌ယုံကြည်သောသူတစ်ဦးသည် တစ်ချိန်တစ်ခါထက်ပို၍မပြောင်းနိုင်ပါ။

အစမှ အဆုံးထိတိုင် ဘုရားသခင်၏ လုပ်ဆောင်မှုသည် စုံလင်ပေ၏။

ယုံကြည်သူတစ်ယောက်သည် တစ်ကြိမ်သာ ကယ်တင်ခြင်းရပြီး သူ၏ကယ်တင်ခြင်းမှာပြန်လည်ဆုံးရှုံးခြင်းမရှိပါ။

အတိုင်းမသိများစွာသော ယုံကြည်သူတို့သည် ယုံကြည်သူတစ်ယောက်၏ ထာဝရလုံခြုံစိတ်ချမှု သွန်သင်ချက်နှင့် ဆန့်ကျင်ဘက်မေးခွန်းကို မေးမြန်းလျက်ရှိကြသည်။ မည်သည့်ခံယူချက်မျိုးပင်ရှိစေကာမူ အရှိကိုအရှိအတိုင်းဖြစ်စေချင်သည်။ နှုတ်ကပါတ်တော်သင်ယူလေ့လာသော စစ်မှန်သည့် ကျောင်းသားတစ်ဦးသည် အချိန်တိုင်း အကြီးမြတ်ဆုံးသောအရာဖြစ်

သည့်သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်မှုတွင် ပွင့်ပွင့်လင်းလင်း တည်ရှိသည်။ သူသည် မှားယွင်းခြင်းကင်းသော နှုတ်ကပါတ်တော်ဖြင့် သင်၏စိတ်နှလုံးကို အလင်းပေးနိုင်သောသူဖြစ်သည်။ ထို့ကြောင့် သင်သည်ဤသွန်သင်ချက်ကို ဓမ္မဒိဋ္ဌာန် ကျကျလေ့လာဖတ်ရှုသောကြောင့် သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်ခြင်းအားဖြင့် အဖခမည်းတော်သည် သင်၏ စိတ်နှလုံးကို အလင်းပေးစေရန် ဆုတောင်းပါ၏။

ကောင်းကင်ဘုံရှင်အဖ။ ကိုယ်တော်၏ ထာဝရအကြံအစည်နှင့် ပါတ်သက်ပြီး မယုံကြည်နိုင်သေးသော လူများအဖို့ ဆုတောင်းပါ၏။ မှန်ကန်သော နှုတ်ကပါတ်တော် သွန်သင်ခြင်းလိုအပ်မှုကြောင့် ချုပ်နှောင်ခံရသူများအတွက်လည်း ဆုတောင်းပဋ္ဌာနာပြုပါ၏။ မိမိ၏ ကယ်တင်ခြင်းဆုံးရှုံးရန် စိုးရိမ်မကင်း ဖြစ်နေသောသူတစ်ဦးတစ်ယောက်စီတိုင်းအတွက်လည်း ဆုတောင်းပါ၏။ အဖဘုရား၊ ဤသွန်သင်ချက်ကို ဖတ်ရှုသောသူတိုင်း၌ ရှင်းရှင်းလင်းလင်းရှိစေရန် ကိုယ်တော်၏ ဝိညာဉ်တော် လုပ်ဆောင်ပါမည်အကြောင်း ဆုတောင်းပါ၏။ ကျွန်ုပ်၏ ထာဝရဘုရားသခင် ဆုတောင်းပြီး လက်ဝါးကပ်တိုင်တွင် အသက်စွန့် တော်မူသော အကြီးမြတ်ဆုံးသော ဘုရင်ယေရှုနာမ၌ ဆုတောင်းပါ၏။ အာမင်။

## ကယ်တင်ခြင်း

## ရေနှင့် တူညီခြင်း

ယေရှုကလည်း၊ ဤရေကိုသောက်သောသူသည် နောက်တဖန်ရေငတ်ဦးမည်။

ငါပေးသောရေကို သောက်သောသူမူကား၊ ရေငတ်ခြင်းနှင့် အစဉ်မပြတ် ကင်းလွတ်လိမ့်မည်။ ငါပေးသောရေသည် ထိုသူ၌ ထာဝရအသက်ရှင်ခြင်းအလို့ငှါ ထွက်သောစမ်းရေဖြစ်လိမ့်မည်ဟု မိန့်တော်မူ၏။ (ယောဟန် ၄း၁၃-၁၄)

အထက်ပါကျမ်းပိုဒ်နှစ်ခုတွင် ကြီးမားသည့်နှိုင်းယှဉ်မှုတစ်ခု တွေ့မြင်ရသည်။ နှိုင်းယှဉ်မှုမှာ သဘာဝရေနှင့် ခရစ်တော်ထံမှရသော ဝိညာဉ်ရေးရာစပ်ကြား၌

မတူကွဲပြားမှုဖြစ်သည်။ အပိုဒ်ငယ် ၁၃ သည် လူသားတို့၏ အခြေခံလိုအပ်ချက်ကို တင်ပြထားသည်။ ရေသည် လူဘဝကို တည်တံ့ခိုင်မြဲစေရန် လိုအပ်သောအရာ ဖြစ်သည်။ လူတစ်ဦးတစ်ယောက်သည် မိမိကိုယ်ကို ရေဆုံးရှုံးစေလျှင် အစိုဓာတ် ထုတ်မခံရသူဖြစ်ပေမည်။ အခြေအနေကို ချုပ်တည်းနိုင်မှု အမှန်တကယ်မရှိခဲ့လျှင် နောက်ဆုံးတွင် အသက်ဆုံးရှုံးသွားလိမ့်မည်။ ယေရှုသည် သိရှိနားလည်ထားသော သဘောသဘာဝတစ်ခုဖြစ်သည့် သဘာဝရေနှင့် ဝိညာဉ်ရေးရာ ရေတို့ဖြင့် မသိနားမလည်သော ယူဆချက်တစ်ခုကို ရှင်းလင်းထားသည်။ ယေရှုက သူပေးသော ဝိညာဉ်ရေးရာရေကို လက်ခံသောက်သုံးသောအခါ လူ၏ ဝိညာဉ် ရေးရာရေငတ်ခြင်း ထာဝရကင်းဝေးစေလိမ့်မည့်အကြောင်း မိန့်ဆိုထားသည်။ ယေရှုသည် “ဝိညာဉ်ရေးရာ ရေ” ဟူသောစကားလုံးကို အသုံးပြုမိန့်ဆိုသောအခါ ကယ်တင်ခြင်းသတင်းကောင်းကို ရည်ညွှန်းထားခြင်းဖြစ်သည်။ လူတစ်ဦး တစ်ယောက်သည် ကယ်တင်ခြင်းကို တစ်ကြိမ်တည်းဖြင့် ထာဝရ ပိုင်ဆိုင် နိုင်ကြောင်း သိမှတ်ရမည်။

အောက်ပါပုံဥပမာကို လေ့လာသုံးသပ်ပါ။ လူတစ်ယောက် လက်တစ်ဖက် တစ်ချက်စီတွင် ခွက်တစ်လုံးကိုင်လျက်ရပ်နေသည်။ လက်ဝဲဖက်တွင် အမြဲမပြတ် ဆောင်ထားရမည့် ခွက်တစ်လုံးကိုင်ထားသည်။ ဤခွက်မှာ သဘာဝရေ သောက်သုံးခြင်း နှင့်ပါတ်သက်သော နေ့စဉ်လိုအပ်မှုအတွက်ဖြစ်သည်။ အခြား တစ်ဖက်တွင် အဓိကခွက်တစ်လုံးကိုင်ထားသည်။ ယင်းမှာ ဝိညာဉ်ရေးရာကို ပုံဆောင်ထားသည်။ သူ၌ သောက်သုံးရန် (သို့မဟုတ်) ငြင်းပယ်ရန် ရွေးချယ်မှု ရှိသည်။ အမှန်တကယ်သောက်သုံးခဲ့လျှင် တစ်ကြိမ်တစ်ခါသောက်သုံးခြင်းကြောင့် သူ၏ဝိညာဉ်ရေးရာရေငတ်ချက်တစ်ခုဖြစ်သည်။ ကယ်တင်ခြင်း ဆုကျေးဇူးကို လက်ခံရရှိရန်အတွက် ဤခွက်ထဲမှ တကြိမ်တစ်ခါသောက်သုံးရန် လိုအပ်ကြောင်းသိမှတ်ရန် အရေးကြီးပေသည်။ ထို့ကြောင့်

ကယ်တင်ခြင်းအတွက်ဤခွက်ထဲမှာ အစဉ်အမြဲသောက်သုံးနေရမည်ဟု လက်ခံယုံကြည်သော သူတစ်ယောက် သည် ထာဝရ လုံခြုံစိတ်ချမှု၏ ယူဆချက်ကို နားလည်သဘောပေါက်သူမဟုတ်ပေ။ အောက်ပါစာမျက်နှာများတွင် ယုံကြည်သူ၏ထာဝရ လုံခြုံစိတ်ချမှုအကြောင်းကို ဆွေးနွေးတင်ပြမည်။

**ကယ်တင်ခြင်း။ ။ကျေးဇူးတော်ရလဒ်တစ်ခု**

ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ရောက်ရ၏။ ကိုယ်အလိုအလျောက် ရောက်သည်မဟုတ်။ ဘုရားသခင် သနားတော်မူရာ ဖြစ်သတည်း။ ကိုယ်ကုသိုလ်ကြောင့် ကယ်တင်တော်မူခြင်းသို့ ရောက်သည်မဟုတ်။ သို့ဖြစ်၍ အဘယ်သူမျှဝါကြွားစရာ အခွင့်မရှိ။ (ဧဖက် ၂း၈-၉)

မြောက်များစွာသော ယုံကြည်သူတို့သည် ဤကျမ်းပိုဒ်ကို အလွတ်ကျက်မှတ်ထားကြသော်လည်း သူတို့အသက်တာတွင် မည်ကဲ့သို့ လက်တွေ့အသုံးချရမည်ကို သဘောပေါက်နားလည်ထားခြင်းမရှိကြပေ။ ထာဝရလုံခြုံမှု သွန်သင်ချက်ကို ငြင်းဆန်သော ယုံကြည်သူတစ်ဦးတစ်ယောက်သည် ဤကျမ်းပိုဒ်နှစ်ခုကို နားလည်သောသူမဟုတ် ဟူသည်မှာအသေအချာ ပင်ဖြစ်သည်။

ဧဖက် ၂း၈-၉၏ အဓိကစကားလုံးမှာ ဂရိအားဖြင့် Charis (ခါရိစ်) ဖြစ်သည်။ သမ္မာသစ်အဘိဓာန်အရ "ပြန်လည်ရရှိရန် မျှော်လင့်မထားဘဲ ကျေးဇူးပြုခြင်း" ဖြစ်သည်။ ပေးကမ်းသောသူ၏ ရက်ရောခြင်းနှင့် နှလုံးသားထဲတွင် ရည်ရွယ်ချက်ကို တွေ့ရှိသောအခါ ဘုရားသခင်၏ ကျေးဇူးတော်နှင့် စပ်လျဉ်း၍ အောက်ပါတို့ကို အဆုံးသတ်နိုင်သည်။

လူ့အခြေအနေပေါ်တွင် မူတည်သည်မဟုတ်

လူလုပ်ဆောင်သော အကောင်းအဆိုးပေါ်တွင် မူတည်ခြင်းလည်းမဟုတ်

လူ၏ ကုသိုလ်ကောင်းမှုပေါ်တွင် တည်မှီခြင်းလည်းမဟုတ်

ဘုရားသခင်အားပေးသော ကတိအပေါ်တွင် မူတည်ခြင်းလည်းမဟုတ်

**ပထမဆုံး အရေးကြီးသောမေးခွန်း**

ယေရှုခရစ်တော်၌ ယုံကြည်သူတစ်ဦးအနေဖြင့် ကယ်တင်ခြင်းရရှိရန် မည်သည့်အရာကို တိတိကျကျလုပ်ဆောင်သနည်း။

သင်သည် ကယ်တင်ခြင်းရရှိရန် နည်းလမ်းတစ်ခုခုဖြင့် ကြိုးစားအားထုတ်နေသူသာ အမှန်တကယ်ဖြစ်ခဲ့လျှင် ကယ်တင်ခြင်းရရှိသောသူ မဖြစ်နိုင်သေးပါ။ ဤကျမ်းပိုဒ်ကို ဆင်ခြင်အောက်မေ့ပါ။

ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ရောက်ရ၏။ . . . . ကိုယ်ကိုသိုလ်ကြောင့် ကယ်တင်တော်မူခြင်းသို့ ရောက်သည်မဟုတ်။ သို့ဖြစ်၍ အဘယ်သူမျှဝါကြွားစရာ အခွင့်မရှိ။ (ဧဖက် ၂း၈-၉)

ဘုရားသခင်သည် ကျွန်ုပ်တို့ထည့်ဝင်လှူဒါန်းခြင်းများကို ကုသိုလ်ကောင်းမှုအဖြစ် ရှုမြင်သည်။ ကယ်တင်ခြင်းကို ရရှိပိုင်ဆိုင်နိုင်ခြင်းငှါ လူတစ်ဦးတစ်ယောက်သည် “ခရစ်တော်၌ ယုံကြည်ခြင်း” ဟူသောဘုရားသခင်၏ ပုံသေနည်းကို လက်ခံကျင့်သုံးရမည်။ ထိုသို့လုပ်ဆောင်ရန် ပျက်ကွက်ခြင်းသည် သင့်အားထာဝရ ဆုံးရှုံးစေလိမ့်မည်။ ထို့ကြောင့် ယင်းသည် ကယ်တင်ခြင်းရရှိရန် မရှိမဖြစ်လိုအပ်သော အခြေခံရှုထောင့်ဖြစ်သည်။ တနည်းအားဖြင့် ကယ်တင်ခြင်းရရှိရန်အတွက် ယေရှုခရစ်၌ ယုံကြည်ခြင်းမှတပါး လုပ်ဆောင်နိုင်ခြင်းဘာမျှမရှိကြောင်းကို အကြွင်းမဲ့သိရှိလက်ခံသောအခါ သင်သည် ဧဖက် ၂း၈-၉ ကိုအတိုင်းအတာတစ်ခုအထိ သဘောပေါက်လာခြင်းဖြစ်သည်။

**ဒုတိယ အရေးကြီးသောမေးခွန်း**

ကယ်တင်ခြင်းရရှိရန်အတွက် အဘယ်အမှုကိုမျှ မတတ်နိုင်လျှင် ဆုံးရှုံးရန် မည်သည့်အရာကို သင်လုပ်ဆောင်နိုင် သနည်း။

အဖြေမှာ ဘာမျှမတတ်နိုင်ပါ။ ဤအဖြေကို ဆွဲဆန့်ကြည့်ကြပါစို့။ ဘုရားသခင်သည် တစ်ဦးတစ်ယောက်အား ကောင်းသောအမှုအကျင့်ကဲ့သို့သော

အခြေအနေတစ်ရပ်ပေါ်မူတည်ပြီး ကယ်တင်ခြင်းကို ပေးအပ်ခဲ့လျှင် ဤအမူအကျင့်များ ပျက်စီးသောအခါ ကယ်တင်ခြင်းကိုလည်း ဘုရားသခင်ပြန်လည်ရုပ်သိမ်းနိုင်သည်ဟု မှတ်ယူစရာအကြောင်းရှိသည်။ တနည်းအားဖြင့် ကယ်တင်ခြင်း ဆုကျေးဇူးသည် အခြေအနေပေါ်မူတည်ပြီး အမှန်တကယ်မရှိခဲ့လျှင် ပြန်လည်ဆုံးရှုံးနိုင်ဖွယ် အကြောင်းမရှိဟုသိမှတ်ရမည်။ ဤဒုတိယ ဇာတ်ညွှန်းမှာ ဧဖက် ၂း၈-၉ တွင်တွေ့ရသကဲ့သို့ မှန်ကန်သောအရာဖြစ်သည်။

**ကယ်တင်ခြင်း။ ဆုကျေးဇူးရလာဒ်တစ်ခု**

ရောမ ၆း၂၃ ကို ဖတ်ရှုသောအခါ "ဘုရားသခင်ပေးသော လက်ဆောင်ကျေးဇူးတော်ကား၊ ငါတို့သခင်ယေရှုခရစ်အားဖြင့်ထာဝရအသက်ပေတည်း" ဟုတွေ့ရသည်။ ဆုကျေးဇူးလက်ဆောင်မှာ ဆုကျေးဇူးလက်ဆောင်ပင်ဖြစ်သည်။ စစ်မှန်သော ဆုကျေးဇူးကို အောက်ပါအချက်အလက်များက သိသာမြင်သာစေသည်။

လက်ခံသူ၏ အမူအကျင့်ပေါ်တွင် မူတည်ခြင်းမရှိပါ။

လက်ခံသူ၏ ကြိုးစားအားထုတ်မှုပေါ်တွင် မူတည်ခြင်းလည်းမရှိပါ။

လက်ခံသူ၏ အရည်အချင်းပေါ်တွင်လည်း မူတည်ခြင်းမရှိပါ။

စစ်မှန်သော ဆုကျေးဇူးတော်သည် ပြန်၍ရယူနိုင်သော အရာမဟုတ်။ လုံးဝပယ်ဖျက်၍ရသောအရာလည်းမဟုတ်။ ဆုကျေးဇူးလက်ဆောင်ကို ပေးဝေသောအခါ မည်သို့ပင်ဖြစ်နေစေကာမူ ပြန်လည်ရုပ်သိမ်း၍မရပါ။ ဤသည်မှာ ကယ်တင်ခြင်း ဆုကျေးဇူးကို ရည်ညွှန်းသည်။

ဘုရားသခင်ပေးသော လက်ဆောင်ကျေးဇူးတော်ကား ငါတို့သခင်ယေရှုခရစ်အားဖြင့် ထာဝရအသက်ပေတည်း။ (ရောမ ၁၁း၂၉)

**ဘုရားသခင်၏ လက်ဆောင်ကျေးဇူးတော်သည် ပြန်လည်ရုပ်သိမ်း၍မရပါ။**

အဘယ်သို့နည်းဟူမူကား၊ ဘုရားသခင်ပေးသနားတော်မူခြင်း၊ ခေါ်ထားတော်

မူခြင်းကျေးဇူးသည် ဖောက်ပြန်ခြင်း သဘောမရှိ။ (ရောမ ၁၁း၂၉)

ထာဝရလုံခြုံစိတ်ချမှုနှင့် ပက်သက်ပြီးငြင်းပယ်ခြင်းမရှိစေရန် ရောမ ၁၁း၁၉ ကိုဘုရားသခင်မှတ်သွင်းတော်မူကြောင်း ယုံကြည်လက်ခံသော ယုံကြည်သူ တစ်ဦးအတွက် အဆက်မပြတ်ဖြစ်ပျက်သောအရာမဟုတ်။ ဤသွန်သင်ချက်ကို လူအများ ငြင်းပယ်ရသည့်အကြောင်းတရား ၂ ခုရှိသည်။ ပထမအချက်မှာ ရိုးရာထုံးတမ်းစဉ်လာဖြစ်သည်။ လူအများစုသည် မိမိတို့၏ ရိုးရာဓလေ့ထုံးတမ်းကို နှုတ်ကပါတ်တော်အားဖြင့် တွန်းလှန်လိုစိတ်မရှိကြပေ။ သူတို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ ဖွင့်ပြခြင်းထက် လူတို့၏အဓိပ္ပါယ်ဖွင့်ဆိုခြင်းကိုသာ အားကိုးအားထားကြသည်ဟု အဓိပ္ပါယ်သက်ရောက်ပေသည်။

ဒုတိယအချက်မှာ လစ်လျူရှုထားခြင်းဖြစ်သည်။ ထို့ကြောင့် လူတို့သည် နှုတ်ကပါတ်တော်ကို ဖတ်ရှုလေ့လာပြီး ဝိညာဉ်ရေးရာရှု့ထောင့် ယူဆချက်များ နားလည်သဘောပေါက်ရန်ထက် ဦးစားပေးစရာများစွာရှိကြသည်။

ဘုရားသခင်ပေးသော လက်ဆောင်ဆုကျေးဇူးတော်ကား ငါတို့သခင်ယေရှု ခရစ်အားဖြင့် ထာဝရအသက်ပေတည်း။ (ရောမ ၆း၂၃(ခ))

အဘယ်သို့နည်းဟူမူကား၊ ဘုရားသခင်ပေးသနားတော်မူခြင်း၊ ခေါ်ထား တော်မူခြင်းကျေးဇူးသည် ဖောက်ပြန်ခြင်း သဘောမရှိ။(ရောမ ၁၁း၂၉)

ရောမ ၁၁း၂၉ တွင်ဖော်ပြထားသည့် "ဘုရားသခင်ပေးသနားသော ဆုကျေးဇူး တော်များ" မှာတိတိကျကျဖော်ပြထားခြင်းမဟုတ်။ သို့ရာတွင် ရောမ ၆း၂၃ ကိုဖတ်ရှုသောအခါ "ဘုရားသခင်ပေးသော လက်ဆောင်ဆုကျေးဇူးတော်ကား" ဟု ဘုရားသခင်၏ လက်ဆောင်ဆုကျေးဇူးတစ်ခုကို သတ်မှတ်ဖော်ပြထားသည်။ ဤဥပမာကို ရောမ ၁၁း၂၉ တွင် ထည့်သွင်းအသုံး ပြုဖတ်ရှု့နိုင်သည်။

"အဘယ်သို့နည်းဟူမူကား ဘုရားသခင်ပေးသနားတော်မူခြင်း (ထာဝရ အသက်)၊ ခေါ်ထားတော်မူခြင်း ကျေးဇူးသည် ဖောက်ပြန်ခြင်းသဘောမရှိ။"

ယင်းမှာ တစ်ချိန်က ဘုရားသခင်ပေးသော ထာဝရအသက်သည် ပြန်လည်ရုပ်သိမ်းဖောက်ပြန် ခြင်းကင်းသောသဘောရှိ၏ ဟုဆိုလိုရင်းဖြစ်သည်။

**ဘုရားသခင်၏ လုပ်ဆောင်ချက်သည်စုံလင်၏**

ဘုရားသခင်၏ အမှုတော်သည် စုံလင်ပေ၏။ (တရား ၃၂း၄)

ဘုရားသခင်သည် စုံလင်သောသူဖြစ်သည်။ သူ၏ အမှုတော်သည် ဤစုံလင်ခြင်းကို ထင်ဟတ်စေသည်။ သူလုပ်ဆောင်သော အမှုအရာ ပေါ်ပြောင်းလဲရန် လိုအပ်မှုမရှိပေ။ ထို့သို့သောကြောင့် ယေရှုခရစ်၌ ယုံကြည်ကိုးစားသောသူသည် စုံလင်ဖြောင့်မတ်သောသူအဖြစ် ဘုရားသခင်မှတ်ယူတော်မူသောအခါ ထိုဖြောင့်မတ်ခြင်းသည် ထိုသူ၌ထာဝရတည်ရှိတော်မူကြောင်းကို ယုံကြည်သူတစ်ယောက်သိမှတ်သင့်သည်။ (ရောမ ၃ း ၂၂)

အရေးကြီးသော မေးခွန်းအချို့ရှိသေးသည်။ ဘုရားသခင်၏ ဖြောင့်မတ်ခြင်းမှတ်ယူမှုသည် လက်ခံသူတို့၌ တည်မြဲပါသလလား။ ဖြောင့်မတ်သူအဖြစ်မှတ်ယူခြင်း မပြုမီလူတစ်ဦးတစ်ယောက်၏ အနာဂတ်ဆုံးရှုံးမှုကို ဘုရားသခင်သိပါသ လား။ ဤမေးခွန်းကို နှုတ်ကပါတ်တော်အားဖြင့် အဖြေရယူရှာဖွေကြပါစို့။

မစုံလင်သေးသော ကျွန်ုပ်၏အလုံးအထွေးကိုလည်း ကိုယ်တော်သည် ကြည့်ရှု၍ မြင်တော်မူပြီ။

ထိုအရာတို့ကိုပြုပြင်၍ တစ်စုံတစ်ခုမျှ မရှိမီကာလတွင် ကိုယ်တော်၏စာရင်း၌ အကုန်အစင်မှတ်သားလျက်ရှိကြပါ၏။ (ဆာလံ ၁၃၉း၁၆)

ဘုရားသခင်သည် သူ၏အရာခပ်သိမ်းကို သိမြင်ခြင်းတွင် လူတစ်ယောက်၏ အနာဂတ်နှင့်ပါတ်သက်ပြီး မမွေးဖွားမှီကတည်းက သိမြင်တော်မူကြောင်း ထင်ရှားပေမည်။ ထို့ကြောင့် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းဆုကျေးဇူးတော်သည် လက်ခံ ရယူမည့်သူ၏ အခြေအနေ (အမူအကျင့်)တွင် မူတည်ခြင်းမရှိပေ။ အကြောင်းမှာ ဘုရားသခင်သည် လူသားကျဆုံးမည်ကို လွန်ခဲ့သောနှစ်ပေါင်း

ကာလများစွာကတည်းက သိန္ဒင့်တော်မူခဲ့သည်။ တစ်နေ့တစ်ချိန်တွင် ပြန်လည် ရုတ်သိမ်းရန် ပေးထားသော ဆုကျေးဇူးမျိုးလည်းမဟုတ်ပါ။ ကျိုးကြောင်းဆီလျော်သော ကောက်ချက်တစ်ခုမှာ ဘုရားသခင်၏ လုပဆောင်မှုသဘောတရားတွင် သမ္မာကျမ်းစာတော်မြတ်က

"ဘုရားသခင်ပြုတော်မူသမျှသော အမှုသည် (ကယ်တင်ခြင်းကို ပေးသနားတော်မူခြင်းအပါအဝင်) နိစ္စထာဝရဖြစ်သည် ကိုငါသိ၏။ ထပ်၍မပြုနိုင်ရာ။ နှုတ်၍မယူနိုင်ရာ။လူတို့သည် ရှေ့တော်၌ကြောက်ရွံ့မည့်အကြောင်း ဘုရားသခင် ပြုတော်မူ၏။ (ဒေသနာ ၃း၁၄)

ဘုရားသခင်သည် မူလအမြစ်ဖြစ်၍ အမှုတော်သည်စုံလင်ပေ၏။ (တရား ၃၂း၄)

**စုံလင်သောတည်ဆောက်သူ ဘုရားသခင်**

ငါတို့သည်. . . . . ဘုရားသခင်၏ ကျောင်းတော်တိုက်လည်းဖြစ်ကြ၏။(၁ ကောရိန္သု ၃း၉)

အဆောက်အဦတည်ဆောက်နေသော အင်ဂျင်နီယာတစ်ယောက်ကို သတိရပါ။ သူသည်မှီခိုအားထား၍ ရနိုင်သော ခိုင်မာသည့်အုတ်မြစ်တစ်ခုကို အဆောက်အဦအတွက် ချထားသည်။ အဆောက်အဦအကောင်းပကတိကို ကိုင်တွယ်မည့် တိုက်ထောင့်အဖြစ်ကျောက်ကိုချထားသည်။ သူသည်ခိုင်မာသော အုတ်ခဲနှင့် ဘိလပ်မြေကို ဂရုတစိုက်ရွေးချယ်ထားသည်။ ထို့နောက် ဘိလပ်မြေကို ကောင်းစွာသမထားသည်။ နောက်ဆုံးတွင် အဆောက်အဦးပြီးမြောက်သည်အထိ အုတ်များကို တဆင့်ပြီးတဆင့်ချထားတည်ဆောက်ထားသည်။

ထိုနည်းတူစွာ ယုံကြည်သူအားလုံးကို ဘုရားသခင်တည်ဆောက်သော အဆောက်အဦးတစ်ခုအဖြစ် ရှုမြင်ထားသည်။ စုံလင်သောဗိသုကာအနေဖြင့် ဘုရားသခင်သည် နှိုင်းယှဉ်မရသော အုတ်မြစ်တစ်ခုကို ချထားတည်ဆောက်

ထားသည်။ တမန်တော်ရှင်ပေါလုက ဤသို့ဆိုထားသည်။

အကြောင်းမူကား ချထားသောအုတ်မြစ်ဖြစ်သည့် ယေရှုခရစ်မှတပါး အခြားသောအုတ်မြစ်ကို အဘယ်သူမျှမချနိုင်။ (၁ ကောရိန္တု ၃း၁၁)

ယေရှုခရစ်တော်ကားထိုတိုက်ထောင့်အမြစ်ကျောက်ဖြစ်တော်မူ၏။ (ဧဖက် ၂း၂၀)

ယုံကြည်သူအားလုံးသည် ဘုရားသခင်၏ အိမ်တော်တည်ဆောက်ခြင်းအတွက် ရွေးကောင်ခြင်းခံရသော အုတ်ချပ်များ ဖြစ်ကြသည်။

အသစ်ကျောက်များအဖြစ် အဆင့်ဆင့်အထပ်ထပ်တည်ဆောက်လျက်ရှိသဖြင့် ဓမ္မတိုက်ဖြစ်ကြ၏။ (၁ ကောရိန္တု ၂း၅(က))

ဘုရားသခင်သည် သူ၏ကျေးဇူးတော်တရားဖြင့် အသုံးမဲ့သောကျောက်တုံးများ (ယုံကြည်သူများ)ကို ရွေးကောက်ပြီး သူ၏ အိမ်တက်အတွက် အသုံးပြုရန် ပြင်ဆင်တော်မူသည်။ ရွေးချယ်ချထားသော ကျောက်တုံးတစ်စုံတစ်ရာကို ဘုရားသခင် သည်ဆုံးရှုံးသွားနိုင်သည်ဟု ပြောဆိုယူဆခြင်းသည် ဘုရားသခင်အား သံသယသဘောဖြင့်ပြစ်မှားရာရောက်ပေသည်။ယေရှုခရစ်တည်းဟူသော တိုက်မြစ်ပေါ်တွင် ဘုရားသခင်ချထားပြီးသော ယုံကြည်သူတစ်ဦးအား ဖယ်ရှားရန်မှာဖြစ်နိုင်ဖွယ်ရာ အကြောင်းအရာမဟုတ်။ တမန်တော်ရှင်ပေါလုက ယင်းအကြောင်းကို ထိထိမိမိဖော်ပြထားသည်။

အကြောင်းမူကား သေခြင်းဖြစ်စေ၊ အသက်ရှင်ခြင်းဖြစ်စေ၊ ကောင်းကင်တမန်ဖြစ်စေ၊ အထွက်အမြတ်ဖြစ်စေ အာဏာတန်ခိုးဖြစ်စေ၊ မျက်မှောက်အရာဖြစ်စေ၊ နောင်လာလတံ့သောအရာဖြစ်စေ၊ အမြင့်ဖြစ်စေ၊ အနိမ့်ဖြစ်စေ၊ ဤအရာမှစ၍ အဘယ်နိမ္မိတအရာမျှသည် ငါတို့သခင်ယေရှုခရစ်အားဖြင့် ခံရသော ဘုရားသခင်၏ မေတ္တာတော်နှင့် ငါတို့ကိုမကွာစေနိုင်ဟု ငါသည်သဘောကျလျက်ရှိသည်။ (ရောမ ၈း၃၈-၃၉)

ဘုရားသခင်သည် ယုံကြည်သူတစ်ဦးအား သူ၏အိမ်တော် ဖယ်ရှားပေးလိမ့်မည်။ (ကယ်တင်ခြင်း ဆုံးရှုံးမှု) ဟုယူဆရသော ယုံကြည်သူတစ်ဦးတစ်ယောက်သည် ဘုရားသခင်၏ လုပ်ဆောင်မှုသည် စုံလင်ခြင်းမရှိဟု ခံယူသဘောထားခြင်းမျိုး ဖြစ်သည်။

**ကြည့်လျှင်ကြည့်ခြင်း ထာဝရလုံခြုံစိတ်ချမှု**

ယုံကြည်လက်ခံသောသူတိုင်း ကယ်တင်တော်မူခြင်းသို့ ရောက်လိမ့်မည်။ တမန်တော်ရှင်ပေါလုက ထိုတိုက်မြစ်အပေါ်၌ ရွှေ၊ ငွေ၊ ကျောက်ကောင်း၊ သစ်သား၊ မြက်ပင်၊ ကောက်ရိုးများကို ထပ်ဆင့်၍တည်ဆောက်သောသူရှိသမျှ အသီးသီးလုပ်သော အလုပ်သည် ထင်ရှားလိမ့်မည်။ အဘယ်သို့နည်းဟူမူကား၊ ဖော်ပြချိန်နေ့ရက်သည် မီးအားဖြင့်ထင်ရှားစေလိမ့်မည်။ လူတိုင်းလုပ်သောအလုပ်သည်အဘယ်သို့သောအလုပ်ဖြစ်သည်ကို မီးသည် စစ်ကြောစုံစမ်းလိမ့်မည်။ ထိုတိုက်မြစ်ပေါ်၌ ထပ်ဆင့်၍တည် ဆောက်သော အကြင်သူ၏အလုပ်သည်မြဲ၏။ ထိုသူသည် အကျိုးကိုခံရလိမ့်မည်။ အကြင်သူ၏အလုပ်သည် ကျွမ်းလောင်၏။ ထိုသူသည် အရှုံးခံရလိမ့်မည်။ သို့သော်လည်း မီးနှင့်လွတ်သကဲ့သို့ သူသည် ကယ်တင်ခြင်းသို့ ရောက်လိမ့်မည်။ (၁ ကောရိန္သု ၃း၁၂-၁၅) ဟုဖော်ပြထားသည်။

တစ်ဦးတစ်ယောက်သည် မြင်လျှင်မြင်ချင်း ရှင်ပေါလုသည်ဝိညာဉ်လူနှင့် ဇာတိပကတိလူတို့ လုပဆောင်မှုကြား ကွဲပြား ခြားနားမှုကို တင်ပြထားခြင်းဟု ယူဆပေလိမ့်မည်။ သို့ရာတွင် အမှန်တကယ်ချဉ်းကပ်လေ့လာသောအခါ နက်ရှိုင်းသော ယူဆချက်တစ်ခုကို တူဖော်ရန်ရှင်ပေါလုသည် ကြိုးစားနေကြောင်း တွေ့မြင်ရလိမ့်မည်။ ဝိညာဉ်နှင့်ဇာတိပကတိလူ အပေါင်းတို့သည်အသင်းတော်ချီဆောင်သောအခါ ထမြောက်ခြင်းသို့ရောက်ကြလိမ့်မည်ဟူသော ယူဆချက်ဖြစ်သည်။ ရှင်ပေါလုသည် ဤအကြောင်းအရာကို ခရစ်တော်တည်းဟူသော "ချထားလျက်ရှိသော တိုက်မြစ်" အပေါ်တွင်

ဝိညာဉ်တော်နှင့် ဇာတိပကတိလူ အားလုံးကိုဦးစွာ တည်ဆောက်ခြင်းဖြင့် အစပျိုးလုပ်ဆောင်သည်။ ဇာတိပကတိယုံကြည်သူသည် ကယ်တင်ခြင်းဆုံးရှုံးမည်မဟုတ်ဘဲ ဆုလာဒ်ကိုဆုံးရှုံးမည့်အကြောင်း ဖော်ထုတ်ခြင်းဖြင့် ရှင်ပေါလုသည် ဝိညာဉ်လူနှင့် ဇာတိပကတိလူတို့ လုပ်ဆောင်သောအလုပ်၏ အကျိုးရလာဒ်ကို ဆက်လက်နှိုင်းယှဉ်တင်ပြသည်။ အဘယ့်ကြောင့်နည်း။ အကြောင်းမှာ ယုံကြည်သူအားလုံး သည်ကောင်းမှုကုသိုလ်အပေါ်၌ မဟုတ်ဘဲချထားလျက်ရှိသော တိုက်မြစ်ပေါ်တွင် ထပ်ဆင့်တည်ဆောက်ခြင်းကြောင့်ဖြစ် သည်။ ထို့ကြောင့် ကောင်းမှုကုသိုလ်သည် ကယ်တင်ခြင်းရရှိရန် အခြေခံအကြောင်းတရားမဟုတ်ဘဲ ကယ်တင်ခြင်းဆုံးရှုံးရန် အခြေခံသဘောတရားသာဖြစ်သည်။ တမန်တော်ရှင်ပေါလုက ဤသို့ရေးသားထားသည်။

ငါတို့ကျင့်သော ဖြောင့်မတ်ခြင်းအကျင့်အားဖြင့် မဟုတ်ဘဲ၊ မိမိသနားခြင်းကရုဏာတော်နှင့်အညီ ဒုတိယမွေးဖွားခြင်း နှင့်ဆိုင်သောဆေးကြောခြင်းအားဖြင့် သန့်ရှင်းသောဝိညာဉ်တော်၏ အသစ်ပြုပြင်ခြင်းအားဖြင့်၎င်း၊ ငါတို့ကို ကယ်တော်မူ၏။ (တိတု ၃ း ၅)

ဘုရားသခင်သည် ငါတို့ကျင့်သောအကျင့်ကို ထောက်တော်မမူ။ ရှေးကပ်ကာလမရောက်မီ ယေရှုခရစ်အားဖြင့် ငါတို့အဖို့ ကိုယ်တော်တိုင် ကြံစည်တော်မူသော ကျေးဇူးတော်နှင့်အညီ၊ ငါတို့ကို ကယ်တင်၍ သန့်ရှင်းသောအရာ၌ ခေါ်သွင်းတော်မူ၏။ (၂ တိမောသေ ၁း၉)

ကယ်တင်ခြင်းတရားသည် ကျေးဇူးတော်တစ်ခုတည်း၌သာ တည်ဆောက်ထားသည်ဟူသော အချက်မှာပညတ်တရားကို သာစောင့်ထိန်းသော ယုံကြည်သူများအတွက် လက်ခံရန်အလွန်ခက်ခဲသည်။ ထိုခက်ခဲမှုကို ဖြတ်ကျော်လွှားနိုင်ခြင်းမရှိသ၍ သူတို့သည် ထာဝရလုံခြုံစိတ်ချမှု သွန်သင်ချက်ကို သဘောပေါက်နားလည်နိုင်မည်မဟုတ်။

၁ ကောရိန္သု ၃း၅ ရည်ညွှန်းထားချက်တွင် အသက်ရှင်နည်းဟန်ပန်ကို ပမာမထားပဲ ယုံကြည်သူတစ်ဦးတစ်ယောက် ရွေးချယ် ထားသည်ဟု သမ္မာကျမ်းစာနည်းလမ်းကျကျမှန်ကန်သည်ဟု ကောက်ချက်ချရန်ဖြစ်သည်။ ထိုသူသည် ကယ်တင်တော်မူခြင်း သို့ရောက်လိမ့်မည်။ သူသည် ဘဝတစ်လျှောက်လုံး ဇာတိပကတိလူသာ အမှန်တကယ်ဖြစ်ခဲ့လျှင် သမ္မာကျမ်းစာက ဤသို့ဆိုထားသည်။

ထိုသူသည် အရှုံးခံရလိမ့်မည်။ သို့သော်လည်းမီးနှင့်လွတ်သကဲ့သို့ သူသည် ကယ်တင်ခြင်းသို့ ရောက်လိမ့်မည်။ (၁ ကောရိန္သု ၃း၁၅)

ဇာတိပကတိလူယုံကြည်သူရှိသင့်သော အဓိကအကြောင်းအချက်မှာ "မီး" ဖြစ်သည်။ တမန်တော်ရှင်ပေါလုက "မီးနှင့်လွတ်သကဲ့သို" ကယ်တင်ခြင်းသို့ ရောက်လိမ့်မည်ဟု ဆိုလိုရင်းကားအဘယ်သို့နည်း။ ဤမေးခွန်း၏ ဖြေကြားချက်ကို သန့်ရှင်းသောဝိညာဉ်တော်သည် သမ္မာကျမ်းစာထဲတွင် ပေးထားဖော်ပြထားခြင်း မရှိခဲ့ပါ။ သို့ရာတွင် ဇာတိပကိတိ ယုံကြည်သူကို ဤအရာ၏ ဆိုလိုရင်းဖြင့် တာဝန်ယူဆောင်ရွက်သင့်သည်။ မည်သို့ပင်ဖြစ်စေကာမူ ကောင်းသော အတွေ့အကြုံတစ်ခုဖြစ်မည်ဟု ကျွန်ုပ်ယူဆမိသည်။

**ခမည်းတော် ဘုရားသခင်သည် ယုံကြည်သူကိုဆုတ်ကိုင်ထားသည်**

ယုံကြည်နားလည်သဘောပေါက်နိုင်ခြင်းမရှိသော အရာမှာ ထာဝရ လုံခြုံစိတ်ချမှုကို ခမည်းတော်ဘုရား၊ သားတော်ဘုရား၊ သန့်ရှင်းသောဝိညာဉ်တော် ဘုရားတည်းဟူသော သုံးပါးတစ်ဆူစောင့်ကြပ်ထားသည်ဟူသော အရာပင်ဖြစ်သည်။

ငါ၌အပ်ပေးတော်မူသော ငါ့ခမည်းတော်သည် ခပ်သိမ်းသောသူတို့ထက်ကြီးမြတ်တော်မူသည်ဖြစ်၍ အဘယ်သူမျှ ထိုသိုးတို့ကိုငါ့ခမည်းတော်၏လက်မှ မနှုတ်ယူရာ။ (ယောဟန် ၁၀း၂၉)

တမန်တော်ရှင်ပေါလုကလည်း ဤသို့ရေးသားထားသည်။

သူတပါးပိုင်သောလူကို စစ်ကြောစီရင်သောသင်သည် အဘယ်သူနည်း။ သူသည်မိမိသခင်စီရင်သောအားဖြင့်သာ အပြစ်လွှတ်ခြင်း၊ အပြစ်ခံခြင်းသို့ ရောက်ရ၏။ သူသည်အပြစ်လွှတ်ခြင်းသို့ ရောက်လိမ့်မည်။ အကြောင်းမူကား ဘုရားသခင် သည်သူ၏ အပြစ်ကိုလွှတ်ခြင်းငှါ တတ်နိုင်တော်မူ၏။ (ရောမ ၁၄း၄)

ဤကျမ်းပိုဒ်၏ သဘောတရားအရ ထာဝရလုံခြုံစိတ်ချမှုသည် ဘုရားသခင်၏ အခန်းကဏ္ဍဖြစ်ကြောင်းတွေ့မြင်နိုင်သည် ဒါဝိတ်ရှင်ဘုရင်က ဤကဲ့သို့နားလည် သဘောပေါက်ထားသည်။

"ကယ်တင်ခြင်းအမှုသည် ထာဝရဘုရားစီရင်တော်မူ၏။" (ဆာလံ ၃း၈(ခ))

ပရောဖက်ဟေရှာယက ဘုရားသခင်အား ရည်ညွှန်းပြီး ဤသို့မိန့်ဆိုထား ခဲ့သည်။

ငါ၏ကယ်တင်ခြင်းတရားမူကားအစဉ်အမြဲတည်ကြလိမ့်မည်။ (ဟေရှာယ ၅၁း၆(ခ))

ဘုရားသခင်သည် နေရာတိုင်း၌ရှိသောဘုရားဖြစ်သည်။ ထို့ကြောင့် သခင်ခရစ်တော်၌ယုံကြည်သောသူအပေါင်းတို့ကို - ကယ်တင်ခြင်း ရောက်လာသည့်တိုင် ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်၏တန်ခိုးတော်သည် စောင့်ထိန်းတော်မူသည်။ (၁ ပေတရု ၁း၅)

"နောက်ဆုံးအချိန်ကာလ" မရောက်သေးဘူးလား။ မရောက်သေးပေ။ အကြောင်းမှာ အသင်းတော်ချီဆောင်ခြင်းကို ရည်မှတ်ညွှန်းဆိုထားခြင်းဖြစ်သည်။ ထို့ကြောင့် ယုံကြည်သူတိုင်းသည် ဘုရားသခင်၏ စောင့်ထိန်းမှုအောက်တွင် အသက်ရှင် နေကြရသေးကြောင်းသိမှတ်နိုင်သည်။

**သားတော်ဘုရားက ယုံကြည်သူတစ်ဦးတစ်ယောက်မျှ ဆုံးရှုံးမည်မဟုတ်ကြောင်း ကတိပြုထားသည်။**

ယေရှုက "ငါ့ကိုယ်စေလွှတ်တော်မူသော ခမည်းတော်၏ အလိုကား၊ ငါ့အားပေးသောသူတို့တွင် တစ်စုံတစ်ယောက်ကိုမျှ ငါမပျောက်စေရဘဲ နောက်ဆုံးသောနေ့၌ (အသင်းတော်ချီဆောင်သောအချိန်) ထိုသူအပေါင်းတို့ကို ပြန်ရှင်စေခြင်းငှါ ဖြစ်သည်" (ယောဟန် ၆း၃၉) ဟုမိန့်ဆိုထားသည်။ ဆက်လက်၍ ကတိပေးမိန့်ဆိုထားသည်မှာ-

"သားတော်ကိုကြည့်မြင်၍ ယုံကြည်သောသူရှိသမျှတို့သည် ထာဝရ အသက်ကိုရစေခြင်းငှါဝင်း၊ အလိုရှိတော်မူ၏။ ငါသည်လည်းနောက်ဆုံးသောနေ့ (အသင်းတော်ချီဆောင်ခြင်း) ထိုသူတို့ကိုပြန်ရှင်စေမည်ဟု မိန့်တော်မူ၏" (ယောဟန် ၆း၃၉)

ယုံကြည်သူတစ်ယောက်သည် ထာဝရလုံခြုံစိတ်ချမှု သွန်သင်ချက်ကို ငြင်းပယ်လျက်နဲ့ ဤကျမ်းပိုဒ်များကို မည်ကဲ့သို့ ဖတ်ရှုလေ့လာနိုင်သနည်း။ သခင်ယေရှုက-

"ထာဝရအသက်ကိုလည်း ငါပေး၏။ ထိုသိုးတို့သည် ပျက်စီးခြင်းနှင့် အစဉ်မပြတ် ကင်းလွတ်ကြလိမ့်မည်။ အဘယ်သူမျှ ထိုသိုးတို့ကိုငါ့လက်မှ မနှုတ်ယူရာ" (ယောဟန် ၁၀း၂၈) ဟုမိန့်မူသည်။ ယုံကြည်သူအားလုံးသည် သခင်ယေရှုခရစ်၏ ကတိတော်များကို ယုံကြည်အားကိုး အမှီပြုနိုင်သည်။ အဘယ့်ကြောင့်ဆိုသော်-

"ကတိထားတော်မူသောသူသည် သစ္စာနှင့်ပြည့်စုံတော်မူ၏" (ဟေဗြဲ ၁၀း၂၃)

**သန့်ရှင်းသောဝိညာဉ်တော်ဘုရားသည် ယုံကြည်သူများအား တံဆိပ်ခတ်ထားသည်။**

တမန်တော်ရှင်ပေါလုက ဤသို့ရေးသားထားသည်။

"သင်တို့သည်လည်းကယ်တင်တော်မူခြင်းအကြောင်းနှင့် ယှဉ်သောဧဝံဂေလိတရားတည်းဟူသော သမ္မာတရားကို ကြားနာရ၍ ထိုခရစ်တော်ကိုယုံကြည်ပြီးမှ ကတိတော်နှင့်ယှဉ်သော သန့်ရှင်းသောဝိညာဉ်တော်၏ တံဆိပ်ခတ်ခြင်းကို ခံကြရပြီ" (ဧဖက် ၁း၁၃)။

ရှေးခေတ်တွင် တစ်စုံတစ်ရာအားတစ်ခါ တံဆိပ်ခတ်ခြင်းသည် ပြောင်းလဲနိုင်ခြင်းလုံးဝမရှိတော့ပေ။ စုံလင်ပြည့်စုံသော ပုံဥပမာမှာသမ္မာဟောင်းကျမ်းရှိ ဒံယေလ၏အရေးကိစ္စဖြစ်သည်။ (ဒံယေလ ၆း၁၆-၁၈) ကနဦးယူဆချက်ကို ရည်ညွှန်းထားခြင်းတွင် ယုံကြည်သူတစ်ဦးသည် အသင်းတော်ချီဆောင်ခြင်းနေ့ရက်တိုင် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် တံဆိပ်ခတ်ထားခြင်း အမှတ်လက္ခဏာကို သဘောပေါက်နားလည်နိုင်သည်။ တမန်တော် ရှင်ပေါလုက ဆက်လက်ပြီး၍သို့ရေးသားထားသည်။

"ပိုင်ထိုက်တော်မူသောသူတို့သည် ဘုန်းတော်ကိုချီးမွမ်းခြင်းအကြောင်းနှင့် ရွေးနှုတ်တော်မူခြင်းသို့ မရောက်မီကာလပတ်လုံး ထိုဝိညာဉ်တော်သည် ငါတို့အမွေ၏ စရံဖြစ်တော်မူ၏" (ဧဖက် ၁း၁၄)။

သခင်ယေရှုခရစ်၌ ယုံကြည်ခြင်းအားဖြင့် တစ်ကြိမ်ကယ်တင်ခြင်းရသော ယုံကြည်သူတစ်ယောက်အား ခမည်းတော် ဘုရားသခင်၏ တန်ခိုးတော်အားဖြင့် စောင့်ထိန်းတော်မူပြီး သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် တံဆိပ်ခတ်ထားသည်ဟု အဆုံးသတ်ရမည်ဖြစ်သည်။ ထိုသူ၏ ထာဝရလုံခြုံစိတ်ချမှုနှင့် စပ်လျဉ်း၍ မေးခွန်းတစ်စုံတစ်ရာမရှိနိုင်တော့ပေ။

ယေရှုခရစ်အား ယုဒအမျိုးခြင်္သေ့ဟု သမုတ်ထားသည်။

"ယေရှုခရစ်သည် အချိန်တိုင်းခွန်အားကြီးသော ခြင်္သေ့ဖြစ်သည်။ သူ့ကိုယုံကြည်သောသူအပေါင်းတို့အား ထာဝရအသက်ကို ပေးသနားတော်မူသည်" (ယောဟန် ၁၇း၂)။ ထို့အပြင် ဤယုံကြည်သူများအား ထာဝရလုံ

ခြံစိတ်ချမှုကိုလည်း စွမ်းဆောင်ပေးသည်။

ယေရှုခရစ်က အဘယ်သူမျှဆုံးရှုံးခြင်းသို့ မရောက်ရန်ကတိတော်ကို ပေးခဲ့သည်။

"ငါ့ကို စေလွှတ်တော်မူသော အရှင်၏အလိုတော်ကား ကိုယ်တော်ရှင်ပေးအပ်ထားတော်မူသောသူအပေါင်းတို့သည် ဆုံးပါးပျက်စီးခြင်းမှ နောက်ဆုံးသောနေ့၌ (အသင်းတော်ချီဆောင်ခြင်းနေ့ရက်) ရှင်ပြန်ထမြောက်ကြစေရန်ပင်ဖြစ်သည်။" (ယောဟန် ၆း၃၉)

"သားတော်ကိုဖူးမြင်၍ ယုံကြည်လာသူအပေါင်းတို့သည် ထာဝရအသက်ကို ရကြစေရန် ခမည်းတော်အလိုတော်ရှိ၏။ (လူ၏ အလိုဆန္ဒမဟုတ်) ငါသည်လည်း သူတို့အား နောက်ဆုံးသောနေ့၌ သေခြင်းမှရှင်ပြန်ထမြောက်စေမည်။" (ယောဟန် ၆း၄၀)

ယုံကြည်သူများဆုံရှုံးသောအခါ ခရစ်တော်သည်သူတို့အား ကောင်းကင်အရပ်မှ ကာကွယ်ပြောဆိုပေးတော်မူသည်။"ငါ၏သားသမီးတို့ (ယေရှုခရစ်၌ ယုံကြည်သောသူများ) သင်တို့သည် အပြစ်မကျူးကြစေရန် ဤစာကိုငါရေးလိုက်၏။ သို့ရာတွင် အကယ်၍တစ်စုံတစ်ယောက်သောသူသည် အပြစ်ကျူးမိပါမူ ခမည်းတော်ထဲတွင် ငါတို့အတွက်အသနားခံသည့် (ရှေ့နေ) ဖြောင့်မတ်တော်မူသော အရှင်ယေရှုခရစ်ရှိပေသည်။" (၁ ယောဟန် ၂း၁)

သူသည် ယုံကြည်သူများအားတန်ခိုးကြီးသောလက်တော်ဖြင့် စောင့်ထိန်းရန်ကတိပြုတော်မူသည်။ "ငါသည်သူတို့အား (ယုံကြည်သောသူ) ထာဝရအသက်ကို ပေးသည်ဖြစ်၍ သူတို့သည် သေခြင်းနှင့်အစဉ်မပြတ် ကင်းလွတ်ကြလိမ့်မည်။ အဘယ်သူမျှ (စာတန်အပါအဝင်) သူတို့ကိုငါ့လက်မှလုယူ၍မရနိုင်။" (ယောဟန် ၁၀း၂၈)

နှုတ်ကပါတ်တော်စကားတော်၌ရှိသောသူ၏ တံဆိပ်။ "ကောင်းကင်နှင့်မြေကြီး

မတည်သော်လည်း ငါ့စကားတည်လိမ့်မည်။” (မဿဲ ၂၄း၃၅)

ယုံကြည်သူများအတွက် ဆုတောင်းပဌနာပြုပေးသည်။ (ယောဟန် ၁၇း၁-၁၂)

**နိဂုံး**

ဘုရားသခင်သည် စုံလင်သောကြောင့် သူ၏အမှုတော်သည်လည်း စုံလင်၏။ ဘုရားသခင်သည် ကယ်တင်ခြင်းတရားကို သူ၏ကျေးဇူးတော်အားဖြင့် ဦးစွာလုပ်ဆောင်သူဖြစ်သည်။ (ဧဖက် ၂း၈-၉)

သူသည်သားတော်၏ သေစေခြင်းအားဖြင့် အပြစ်သားများအား ရွေးဝယ်သူလည်းဖြစ်သည်။ (၁ ပေတရု ၁း၁၈-၁၉)

ယုံကြည်သူများအား ဝိညာဉ်တော်အားဖြင့် တံဆိပ်ခတ်သူလည်းဖြစ်သည်။ (ဧဖက် ၁း၁၃) ထို့အပြင် ယုံကြည်သူများအား သူ၏တန်ခိုးတော်ဖြင့် စောင့်ထိန်းသူလည်းဖြစ်သည်။ (၁ ပေတရု ၁း၅)

ဤအရာကို စိတ်ထဲစွဲမှတ်လျက် အောက်ပါကျမ်းပိုဒ်ကို ဆင်ခြင်အောက်မေ့ပါ။

သင်တို့မပြိုမလဲကြစေရန် စောင့်ရှောက်တော်မူနိုင်ရန် သင်တို့အားအပြစ်ကင်းစင်စေလျက် ရွှင်လန်းဝမ်းမြောက်စွာ ဘုန်းအသရေထွန်းတောက်ရာ ရှေ့တော်မှောက်သို့ ဝင်ရောက်ခွင့်ကို ပေးတော်မူနိုင်သော၊ အရှင်သခင်ယေရှုခရစ်အားဖြင့် ငါတို့အားကယ်တင်တော်မူသော တစ်ဆူတည်းသော ဘုရားသခင်သည် ရှေးကပ်ကာလမှစ၍ ယခုကာလနှင့် နောက်ကမ္ဘာ အဆက်ဆက် ဘုန်းအသရေ၊ တန်ခိုးအာနုဘော် အစွမ်းသတ္တိအာဏာစက် ရှိတော်မူစေသတည်း။ အာမင်။ (ယုဒ ၁း၂၄-၂၅)

ဘုရားသခင်ပေးသနားတော်မူခြင်း၊ ခေါ်တော်မူခြင်းကျေးဇူးသည် ဖောက်ပြန်ခြင်းသဘောမရှိ။ (ပယ်ဖျက်ခြင်း သို့မဟုတ် ပြန်လည်ရုပ်သိမ်းခြင်း မပြုနိုင်)

“ငါတို့သည် မယုံကြည်သော်လည်း ထိုသခင်သည် သစ္စာတည်သဖြင့် မိမိကိုယ်ကို ငြင်းပယ်တော်မမူနိုင်။” (တိမောသေ ၂း၁၃)

**Gospel Outreach Mission**
247 Bogyoke Street, PO Box 526, Yangon, Myanmar.
Printed in partnership with **Grace Evangelistic Ministries**
Eternal Security of the Believer_Burmese - 06/12